# အိုးမဲ့ အိမ်မဲ့

ဉာဏ်ဦးမောင်

**2012** အိုလံပစ်ပွဲတော်ကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရဖို့အားထုတ်နေတဲ့ နယူးယောက်မြို့တော်က တစ်ချိန်က အသုံးပြုခဲ့တဲ့ သူတို့ရဲ့ကြွေးကြော်သံ **(Slogan)** အဟောင်း **The Big Apple** ကိုအစားထိုးဖို့ ကြွေးကြော်သံ အသစ်တစ်ခုကို အသုံးပြုလာပါတယ်။ အဲဒါကတော့ နယူးယောက်မြို့တော်ကို **"The World's Second Home"** တဲ့။ တိုက်ရိုက်အဓိပ္ပါယ်ပြန်ရမည်ဆိုရင်တော့ နယူးယောက်မြို့တော်ဟာ"ကမ္ဘာကြီးရဲ့ ဒုတိယအိမ်"ပေါ့။ ဒီထက်ပိုပြီး နားလည် လွယ်အောင်ပြောရရင် နယူးယောက်မြို့တော်ကို "ကမ္ဘာသူကမ္ဘာသားတိုင်း အားလုံးအတွက် ဒုတိယအိမ်။ တစ်နည်း ပြောရရင် ကိုယ့်အိမ်ကိုယ့်ယာအလား ခံစားရမည့်နေရာ" တစ်ခုလို့ပြန်ဆိုနိုင်ပါလိမ့်မယ်။ အားလုံးကို လက်ကမ်းကြိုလင့်နေတဲ့နေရာ။ အားလုံးနဲ့ ရင်းနှီးကျွမ်းဝင်တဲ့နေရာ။ အားလုံးအတွက် သက်သောင့်သက်သာ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့ နေလို့ရတဲ့နေရာ၊ အားလုံးအတွက် ချမ်းမြေ့ပျော်ရွှင် ဖွယ်နေရာလို့ ဆိုလိုဟန်ပေါ့။

ဟုတ်တာပေါ့။ ဒုတိယအိမ်ဆိုတာ ပထမအိမ်မဟုတ်ပေမယ့် အိမ်ဆိုကတည်းက ဒီနေရာဟာ ကိုယ့်အတွက် အစိမ်း သက်သက် မဟုတ်တဲ့နေရာ။ ရင်းနှီးကျွမ်းဝင်တဲ့နေရာ။ ကိုယ့်ရဲ့ ပထမအိမ်မှာလိုပဲ ကိုယ့်အလိုကျ လွတ်လပ်စွာ နေထိုင်နိုင်တဲ့နေရာ။ ကိုယ့်မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းစည်စည်ကားကား နေထိုင်နိုင်တဲ့နေရာ။ ကိုယ့်အတွက် လုံခြုံမှု အပြည့်အဝရှိတဲ့နေရာ။ မိသားစုဝင်တွေ ထမင်းလက်ဆုံပြောလို့မကုန်နိုင်တဲ့ ချစ်စရာ့နေရာလို့ဆိုနိုင်ပါတယ်။ **Home, sweet home** ပေါ့။ **There is no place like home** ပေါ့။

ဒီ ကြွေးကြော်သံ ထွက်လာတော့ အမေရိကန်နိုင်ငံမှာ ထင်ရှားတဲ့ **TV channel 11(NBC)** ရဲ့ **The Tonight Show** ကို တာဝန်ယူတင်ဆက်နေတဲ့ ကျော်ကြားတဲ့ ဟာသသမား **Jay Leno**က ဟာသတစ်ခု လုပ်သွားပါတယ်။ "နယူးယောက်မြို့က **The World's Second Home** ဆိုရင် **L.A(Los Angeles)**ကိုလည်း **Third World's Second Home** လို့ ဆိုရမှာပေါ့" တဲ့။ ကမ္ဘာပေါ်က တတိယနိုင်ငံများလို့ဆိုကြတဲ့ ဖွံ့ဖြိုးတိုးတက်မှုနည်းတဲ့ နိုင်ငံများကလူတွေ **L.A** မှာ များပြားတယ်လို့ သွယ်ဝိုက်ပြီး ဟာသလုပ်သွားတာပါ။

**Dream Land** အိပ်မက်နိုင်ငံ၊ **The Land of Opportunity** အခွင့်အလမ်းတွေပေါတဲ့နေရာလို့ တင်စား သုံးနှုန်းကြတဲ့ အမေရိကန်နိုင်ငံကို ကမ္ဘာအရပ်ရပ်က လူမျိုးပေါင်းစုံဟာ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ အဆက်မပြတ် ဝင်ရောက် ခဲ့ကြ၊ ဝင်ရောက်နေကြဆဲပါ။ ချမ်းသာသူတွေ၊ ထင်ရှားကျော်ကြားသူတွေ၊ ပညာတတ်လူတန်းစားတွေ၊ ဆင်းရဲသားတွေ၊ အဖိနှိပ်ခံလူတန်းစားတွေ စသဖြင့် အတန်းအစား အစုံအလင်ပါပဲ။ ယေဘုယျပြောရရင် ထင်ပေါ်ကျော်ကြားသူတွေ၊ ချမ်းသာကြွယ်ဝသူတွေဝင်ရောက်လာတာထက် ဆင်းရဲတဲ့နိုင်ငံများ၊ အခွင့်အလမ်းနည်း ပါးတဲ့နိုင်ငံများက လူလတ်တန်းစားတွေ ဝင်ရောက်ကြတာက သိသိသာသာ ပိုမိုများပြားပါတယ်။ ဒါကြောင့် တချို့မြို့ကြီးများမှာဆို လူဖြူ တွေနဲ့အပြိုင် နိုင်ငံအသီးသီးကဝင်ရောက်လာတဲ့ လူမျိုးပေါင်းစုံရဲ့မျက်နှာတွေကိုလည်း တွေ့ရပါတယ်။

ပထဝီအနေအထားအရပြောရရင် ခုနောက်ပိုင်းနှစ်များမှာတော့ မိခင်နိုင်ငံရင်းမှာ စီးပွားရေး နိုင်ငံရေးစတဲ့အခက် အခဲအမျိုးမျိုးကြောင့် အာဖရိက၊ အာရှနိုင်ငံများနဲ့ အလည်နဲ့တောင်အမေရိကနိုင်ငံအချို့ကလူတွေ သိသိသာသာ တိုးပွားလာတာကို တွေ့မြင်ကြရပါတယ်။ ဒီလူတွေထဲမှာ စစ်ဘေးစစ်ဒဏ်နဲ့ အာဏာရှင်အစိုးရများရဲ့ နှိပ်စက်ကလူ ပြုမှုကြောင့် ဝင်ရောက်လာကြသူတွေ ပိုမိုများလာတာကြောင့် လူလတ်တန်းစားတွေပါမက အောက်ခြေအလွှာ လူတန်းစားများလည်း ပါဝင်လာတာကို တွေ့နိုင်ပါတယ်။ ဒီအထဲမှာ အင်္ဂလိပ်စာနဲ့အခြားဘာသာရပ်ကို မဆိုထားနဲ့ ကိုယ့်မူလတိုင်းပြည်က ကိုယ့်မိခင်စာကိုတောင်မှ မတတ်ကြတဲ့သူတွေလည်း မနည်းလှပါဘူး။ တကယ်တော့လည်း

အနှိပ်စက်ခံရပြီဟော့ဆိုရင် နယ်စွန်နယ်ဖျားမှာ နေထိုင်ကြသူတွေနဲ့ ပညာနည်း ဥစ္စာမဲ့အခြေခံလူတန်းစားတွေဆိုတာ ရှေ့ဆုံးက ခံကြရသူတွေပါ။ ဒီတော့လည်း ပြေးကြရ ရှောင်ကြရပြီဆိုရင်လည်း သူတို့တွေက ထိပ်ဆုံးကဖြစ်ကြရပြန်ပါတယ်။ အဲ ခိုကိုးရာမဲ့ ရွှေ့ပြောင်းလူသားတွေရဲ့ ပုန်းအောင်းမှီခိုရာနိုင်ငံတွေထဲမှာ တစ်ခုဖြစ်တဲ့ အမေရိကန်နိုင်ငံဟာလည်း သူတို့တတွေရဲ့ အဓိကကွန်းခိုရာ နေရာတစ်ခု ဖြစ်လာရတယ်ပေါ့။

**L.A** က ကာလီဖိုးနီးယားပြည်နယ်ထဲမှာဖြစ်တာမို့ ရာသီဥတုက အမေရိကရဲ့ တခြားနေရာများနဲ့ယှဉ်ရင် မျှတတယ်လို့ဆိုရပါမယ်။ ဆောင်းမှာလည်း အအေး မသဲလှသလို နွေမှာလည်း အပူမကဲတတ်ပါဘူး။ ဒါကြောင့် အပူပိုင်းဒေသက လာကြတဲ့ အာရှနဲ့လက်တင်အမေရိကသားများအနေနဲ့ ကိုယ့်မိခင်နိုင်ငံနဲ့ ရာသီဥတုခြင်း သိပ်ပြီး မခြားလှတာရယ်၊ အရင်ရောက်နှင့်ပြီး ကိုယ့်လူမျိုးတွေ များတာရယ်စတဲ့အကြောင်းများကြောင့် **L.A** လိုနေရာမျိုးကို အခြေခြဖို့ ရွေးချယ်တတ်ကြပါတယ်။ ဒါကြောင့် **Jay Leno** ရဲ့ **Third World's Second Home** ဆိုတဲ့ ဟာသဟာ လက်ရှိဖြစ်ရပ်အခြေအနေနဲ့တော့ ဆီလျော်လှပါတယ်။

စာရေးသူက နယူးယောက်မြို့တော်ရဲ့ **The World's Second Home** ဆိုတာရယ်၊ **Leno** ရဲ့ **Third World's Second Home** ဆိုတာတွေကိုကြားလိုက်ရတော့ **Third World in The World Has Nothing like Home -**ကမ္ဘာ့တတိယနိုင်ငံများက အိုးမဲ့အိမ်မဲ့၊ ခိုကိုးရာမဲ့နေသူတွေ–လို့ ပြောရမည့် ကမ္ဘာကြီးရဲ့ လက်ရှိအခြေအနေကို သွားသတိရမိတယ်။ **Second Home** ဆိုတာရှိဖို့ မပြောနဲ့။ မူလအိမ် **First Home** ပါ ပျောက်နေကြရတဲ့ လူသားများစွာရဲ့ဘဝတွေကြောင်းကိုလည်း စဉ်းစားမိတယ်။ နောက်ပြီး နေစရာအိမ် ပျောက်နေကြရတဲ့လူသားများစွာရဲ့ ဘဝတွေကိုလည်း တွေးမိပြီးစာနာသနားမိတယ်။ တဆက်တည်းမှာပဲ အိမ်မရှိလို့ အိမ်ပျောက်နေသူတွေ၊ အိမ်နဲ့ဝေးလို့ အိမ်ပျောက်ကြရတဲ့သူတွေတွင်မက အိမ်မှာနေပြီး အိမ်ပျောက်နေကြရသူတွေအကြောင်းကိုပါ စဉ်းစားမိတယ်။

ကမ္ဘာ့အရပ်ရပ်မှာ မကြာမကြာဖြစ်ပေါ်တတ်တဲ့ စစ်ပွဲများ၊ လူမျိုးတုံးသတ်ဖြတ်မှုများ၊ မတရားဖိနှိပ်အုပ်ချုပ်တဲ့ အစိုးရများကြောင့် လုံခြုံရာ၊ ခိုကိုးရာရဖို့ ထွက်ပြေးကြရသူဆိုတာ ကမ္ဘာအနှံ့ပါပဲ။ ဒီအထဲမှာ ကိုယ့်အမိနိုင်ငံသူ နိုင်ငံသားတွေပါ ပါဝင်နေကြရတဲ့အတွက် သွေးနီးသူတွေ ဖြစ်လေတာကြောင့် ပိုပြီးစိတ်မကောင်းဖြစ်ရပါတယ်။ ဘဝတိုးတက်မှုအတွက် စီးပွားရှာ ပညာရှာလိုလို့ လိုလိုလားလား ပြောင်းရွှေ့ကြတာမျိုးမဟုတ်ပဲ အန္တရာယ်ကြောင့် ဖိအားတစ်ခုခုကြောင့် ပြောင်းကြရ ရွှေ့ကြရတာမျိုးက လုံးဝကို မဖြစ်သင့်တဲ့အရာမျိုးပါ။

ကုန်လွန်သွားခဲ့တဲ့(၁၀) စုနှစ် နှစ်ခုအတွင်း ကိုယ့်အမိနိုင်ငံကသူတွေ အတော်များများပဲ တိုင်းတပါးကို နည်းအမျိုးမျိုးနဲ့ ထွက်ခွါခဲ့ကြတယ်။ ကိုယ့်ပြည်ထဲမှာကိုပဲ တနေရာက တနေရာပြောင်းဖို့ အလွန်ဝန်လေးတတ်တဲ့ သူတွေ။ အိမ်ကိုခင်တတ်၊ မိသားစုကိုသံယောဇဉ်ကြီးတတ်ကြတဲ့သူတွေ။ အပေါင်းအသင်းဟောင်း မိတ်ဟောင်းဆွေဟောင်းတွေကို အခင်မင်ပိုတတ်တဲ့ လူသားတွေ။ ကိုယ့်အိမ်ကိုယ့်ရွာမှာ အေးအေးလူလူမနေနိုင်ပဲ မိသားစုနဲ့ ခွဲလျက်ပဲဖြစ်ဖြစ်၊ မိသားစုနဲ့ တွဲလျက်ပဲဖြစ်ဖြစ်၊ နိုင်ငံရပ်ခြားတိုင်းတပါးကို ထွက်ခွါခဲ့ကြရတယ်။ ဒီအခြေအနေက ခုတိုင်လည်းပဲ ရပ်တန့်မသွားသေးပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အရေးပေါင်းများစွာကြောင့် ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ကိုယ့်ပြည်ကိုယ့်ရွာက ထွက်ခွါကြသူတွေဟာ တိုး၍သာ တိုးလျက်ဆဲပါ။

ဒီအထဲက အများစုသော သူတွေဟာဖြင့် ဘာမှရေရာသေချာမှုမရှိတဲ့ အခြေအနေများနဲ့ အိမ်နီးနားချင်းနိုင်ငံအချို့မှာ နေထိုင်နေကြရတယ်။ သူတို့တွေနေထိုင်ကြရတဲ့နေရာတွေကို မရောက်ဘူးတာကြောင့် သူတို့တွေရဲ့အခြေအနေ ဘယ်လောက်ဆိုးရွားတယ်ဆိုတာ တိတိကျကျ မသိပေမယ့် ကိုယ်တိုင်နေထိုင်ခဲ့ကြရ၊ ခံစားခဲ့ကြရတဲ့သူများ အပြောအရ သူတို့တွေ့ရဲ့အနေအထားတွေဟာ မချောမွေ့ မသာယာလှတာကိုတော့ သိရပါတယ်။ တိုင်းတစ်ပါးမှာ စာရေးသူတို့လို နေစရာလုံလုံခြုံခြုံ၊ စားစရာပြည့်ပြည့်စုံစုံနဲ့ မကြောင့်မကြ နေထိုင်နေသူတွေတောင်မှ ကိုယ့်အိမ်လို့ဆိုရမည့် ကိုယ့်အမိမြေကို မကြာမကြာ သတိရကာ လွမ်းအားပိုနေမိတတ်သေးတာပါ။ ဆိုတော့ကာ

အရာရာချို့ငဲ့စွာ၊ လုံခြုံမှု ကင်းမဲ့စွာ၊ မသေချာ မရေရာတဲ့အနေအထားနဲ့ တိုင်းတပါးမှာ နေရသူတွေ၊ ဘယ်လောက်များ အမိမြေကိုလွမ်းစိတ် ပိုနေကြမလဲ။ အိမ်ပြန်ချင်စိတ်တွေ ဘယ်လောက်ဖြစ်ကြလိမ့်မလဲဆိုတာကို စာနာနားလည်မိပါတယ်။ သို့ပေမယ့် တစ်ဖက်ကလည်း ကိုယ်ပြန်လိုတဲ့ ကိုယ့်အိမ်ကိုယ့်ရာက ကိုယ့်အတွက် အေးချမ်းလုံခြုံမှု မရှိတဲ့နေရာ၊ နွေးထွေးမှုပေးမဲ့နေရာ မဟုတ်ပြန်လေတော့ ရွှေအချို့မှာ အမေ့အိမ်ကို ဝေဝေးကပဲ လွမ်းကြရတယ်။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော = ချစ်ခင်ရသူတွေနဲ့ ခွဲခွါကြရခြင်းဆိုတာ ဆင်းရဲတစ်မျိုးပဲ မဟုတ်ပါလား။ ဘယ်သူ တစ်ဦးတစ်ယောက်မှ ချစ်ခင်သူတွေကို နောက်ချန်စွန့်ခွါလို့ ထားခဲ့ချင်မှာလဲ။ သို့ပေမယ့် ကိုယ့်အိမ်ကိုယ့်ရွာမှာ ကိုယ့်အနာဂတ်ဘဝက ပိုပြီးမသေချာ မရေရာလေတာကြောင့်၊ ကိုယ့်အိမ် ကိုယ့်ရာက ချိုမြသင်းပျံ့မှုတွေနဲ့ မွှန်းထုံ ထားလေတဲ့အိမ် **Home, sweet home** မဟုတ်တာကြောင့်၊ တစ်နည်းဆိုရရင် **There is no place like home** ဆိုနိုင်ဖို့ မဖြစ်လေတာကြောင့်၊ မသေချာတဲ့နေရာများဆီ ထွက်ခွါကြရတယ်။ ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းသလဲ။ ဘယ်လောက်များရင်နာဖို့ ကောင်းပါသလဲ။

တကယ်ဆိုတော့လည်း အိမ်နဲ့ဝေးလို့ အိမ်ပျောက်နေသူတွေပါမက အိမ်မှာနေပြီး အိမ်ပျောက်နေသူတွေရဲ့ ဘဝတွေ ကလည်း သနားဖွယ်ရာပါပဲ။

အိမ်ဆိုတာ နေပျော်ဖွယ်နေရာ၊ ကိုယ့်အတွက်လုံခြုံမှုရှိတဲ့နေရာ၊ ကြည်နူးချမ်းမြေ့စရာနေရာလို့ ဆိုကြတယ်မဟုတ် လား။ ဒီလိုဆိုတော့ ဘယ်အချိန်မှာများ ညဥ့်နက်သန်းခေါင် အချိန်မတော် အိမ်တံခါးခေါက်လို့ မကြိုဆိုလိုတဲ့ ရွှေဧည့် သည်တွေများ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလေမလဲ။ မေးစရာလေးရှိလို့ ခဏလိုက်ခဲ့ပါဦးဆိုပြီး ဘယ်ဆီ ဘယ် ဝယ် မသိနိုင်တဲ့အရပ်ဒေသဆီကို နှစ်ပရိစ္ဆေဒကြာမြင့်စွာ ခေါ်ဆောင်သွားမည့်သူတွေများ ရောက်လာလေမလဲ။ ဘိုးဘေးဘီဘင် အစဉ်အဆက် သက်ဦးခေါင်းချ နေသွားကြတဲ့နေရာလေးကို လိုချင်သူတွေက လက်ညှိုးထိုးကာ နိုင်ထက်ကလူ လုယူလေမလဲရယ်လို့ တွေးပူနေရတာမျိုး ဖြစ်နေရတယ်ဆိုလျှင်ဖြင့်... အိမ်မှာနေရပေမယ့် ဒီအိမ် ဒီယာဟာ ကိုယ့်အဖို့ လုံခြုံမှုရှိတယ်လို့ ဘယ်မှာပြောလို့ရနိုင်မှာလဲ။ မိသားစုနဲ့အေးအေးလူလူ နေဖို့မဖြစ်နိုင်တဲ့ ဒီနေရာမျိုးကို ဘယ်လိုလုပ် အိမ်လို့ သတ်မှတ်လို့ရနိုင်မှာလဲ။ ခုလို အိမ်လို့တကယ် မသတ်မှတ်နိုင်တဲ့ အိမ်အမည်ခံနေရာမျိုးမှာ နေနေရသူတွေကရော ဘယ်လောက်တောင်များနေပါသလဲ။ ဒီတော့ အိမ်မှာနေပြီး အိမ် ပျောက်နေသူတွေကရော ဘယ်လောက်တောင်မှ များနေပြီလဲ။ ဘဝအတွက် မျှော်လင့်ချက်အားလုံး ပျောက်ဆုံးနေရတဲ့ သူတွေကရော ဘယ်လောက်တောင်များနေပြီလဲ။

နယူးယောက်မြို့တော်က အဝေးက မိတ်သစ်တွေကို ပျူပျူငှါငှါကြိုဆိုဖို့ ၊ လှိုက်လှိုက်လှဲလှဲလက်ကမ်းဖို့၊ မြို့တော်ကို **The World's Second Home** တဲ့။ **Leno** က **L.A** ကို **Third world's second home** တဲ့။ စာရေး သူကတော့ ကိုယ့်သွေးကိုယ့်သား ကိုယ့်အမျိုးသား/သမီးတွေ့ရဲ့အဖြစ်ကို မဖွံ့ဖြိုးတဲ့၊ ဆင်းရဲနွမ်းပါးတဲ့ အောက်ကျ နောက်ကျ နိုင်လှတဲ့ တတိယကမ္ဘာ့နိုင်ငံတစ်ခုက ပုံစံတစ်မျိုးနဲ့ အိမ်ရာမဲ့ **Homeless** လူသားတွေ အဖြစ် ၊ မျှော်လင့်ချက်မဲ့ လူသားတွေအဖြစ်၊ **Third world in the world has no home** တွေ၊ ဒါမှမဟုတ် **Third world in the world has Nothing like Home** တွေ၊ အိုးမဲ့အိမ်မဲ့တွေရယ်လို့ပဲ ဝမ်းနည်းစွာ ဆိုလိုက်ချင်ပါ တယ်။ ။